

JDE PEET'S

# ထုတ်ဖော်ပြောဆိုခွင့် မူဝါဒ

# အကြောင်းအရာ


## 1. မိတ်ဆက်

3

| | |
|---|---|
| ရည်ရွယ်ချက် | 3 |
| မည်သူတွေ ထုတ်ဖော်ပြောဆိုနိုင်သနည်း။ | 3 |
| ပူပန်မှုတစ်ခုကို ကျွန်ုပ် အဘယ်ကြောင့် တိုင်ကြားသင့်သနည်း။ | 3 |
| လက်တုံ့ပြန်ခြင်းအပေါ် ကုမ္ပဏီ၏မူဝါဒက အဘယ်နည်း။ | 3 |

## 2. မူဝါဒ

4 — 9

| | |
|---|---|
| မည်သည့်ပူပန်မှုမျိုးကို သင်ထုတ်ဖော်ပြောဆိုသင့်သနည်း။ | 4 |
| ကုမ္ပဏီက ကျွန်ုပ်ထံမှ မည်သည်တို့ကို မျှော်လင့်သနည်း။ | 5 |
| ပူပန်မှုကို ကျွန်ုပ်မည်သို့တိုင်ကြားရမည်နည်း၊ မည်သူကို ဆက်သွယ်သင့်သနည်း။ | 6 |
| ကျွန်ုပ်ထုတ်ဖော်ပြောဆိုသည့်အခါ မည်သို့သောအချက်အလက်များကို ပေးသင့်သနည်း။ | 7 |
| အကယ်၍ ကျွန်ုပ်သည် ကျွန်ုပ်၏မန်နေဂျာထံ တစ်စုံတစ်ခု အစီရင်ခံခဲ့ပြီး၊ ၎င်းနှင့် ပတ်သက်၍ "တိတ်တိတ်နေရန်" ပြောခံခဲ့ရပါက မည်သို့လုပ်ရမည်နည်း။ | 7 |
| ဝန်ထမ်းတစ်ဦး သို့မဟုတ် အခြားရှယ်ယာရှင်တစ်ဦးမှ သံသယဖြစ်ဖွယ် လက်မခံနိုင်သော အပြုအမူကို ကျွန်ုပ်ထံတိုင်ကြားလာလျှင် မည်သို့ပြုလုပ်ရမည်နည်း။ | 7 |
| ကျွန်ုပ်မည်သူဖြစ်ကြောင်းအထောက်အထားကို လျှို့ဝှက်ထားမှာလား။ | 8 |
| ကျွန်ုပ်တိုင်ကြားထားသော ပူပန်မှုကို မည်သို့ကိုင်တွယ်မည်နည်း။ | 8 |
| စည်းမျဉ်းမလိုက်နာမှုဆိုင်ရာ ပူပန်မှုတစ်ခုကို တိုင်ကြားလိုခြင်း ရှိ၊မရှိ မသေချာလျှင် မည်သို့ လုပ်သင့်သနည်း။ | 9 |
| ကျွန်ုပ်ကို မည်သို့ကာကွယ်ပေးမည်နည်း။ | 9 |
| ဥပဒေ သို့မဟုတ် ကုမ္ပဏီမူဝါဒကို ချိုးဖောက်မှုတစ်ခုတွင် ကျွန်ုပ်ပါဝင်နေသည်ဟု ထင်မိပါက မည်သို့လုပ်ရမည်နည်း။ | 9 |
| တိုင်ကြားခြင်း | 9 |
| ကျွန်ုပ် မည်သို့ ပိုမိုလေ့လာနိုင်သနည်း။ | 9 |

## 3. ဆက်သွယ်ရန် / တိုင်ကြားရန်

10

| | |
|---|---|
| JDE Peet's ထုတ်ဖော်ပြောဆိုရေးလိုင်းကို မည်သို့ဆက်သွယ်ရမည်နည်း။ | 10 |
| ကျွန်ုပ်တို့ကို အချိန်မရွေးဆက်သွယ်နိုင်သည် | 10 |

## 4. JDE PEET'S စုံစမ်းစစ်ဆေးရေး စည်းမျဉ်းများနှင့် ချဉ်းကပ်နည်း

11 — 12



| | |
|---|---|
| အမျိုးအစား - | မူဝါဒ |
| အဆင့်သတ်မှတ်ခြင်း - | အများပြည်သူ |
| အပြည်ပြည်ဆိုင်ရာ တာဝန်ရှိသော - | အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းလိုက်နာရေး အရာရှိ |
| အပြည်ပြည်ဆိုင်ရာ တာဝန်ခံမှုရှိသော - | ရှေ့နေချုပ် |
| ဒေသတွင်း တာဝန်ရှိသော - | ဒေသတွင်း စည်းမျဉ်းလိုက်နာရေး အရာရှိ |
| ဒေသတွင်း တာဝန်ခံမှုရှိသော - | အထွေထွေ မန်နေဂျာ |
| ဗားရှင်း - | 4.0 |
| အသက်ဝင်သည့်ရက်စွဲ - | ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၃ ရက် |



စည်းကမ်းရှိမှု
ရိုးရှင်းမှု
တာဝန်ခံမှု
စည်းလုံးညီညွတ်မှု
စီးပွားရေးစွမ်းဆောင်နိုင်မှု

# 1. မိတ်ဆက်

ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး ပွင့်လင်းမှုရှိပြီး ရိုးသားမှသာလျှင် အဖွဲ့အစည်းတစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်နိုင်ပါလိမ့်မည်။ ထို့ကြောင့် JDE Peet's သည် ကျွန်ုပ်တို့၏ ကုဒ်များ၊ မူဝါဒများ၊ ကျွန်ုပ်တို့၏ တန်ဖိုးများ သို့မဟုတ် ကွန်ုပ်တို့အပေါ်သက်ရောက်သော ဥပဒေများကို ချိုးဖောက်မှုတစ်ခုဖြစ်လျှင် အမှန်တကယ် ချိုးဖောက်မှုဖြစ်စေ သံသယရှိသည်ဖြစ်စေ အစီရင်ခံတိုင်ကြားနိုင်မည့် ထုတ်ဖော်ပြောဆိုခွင့်ရှိသော ယဉ်ကျေးမှုတစ်ခုကို အားပေးပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဝန်ထမ်းများ၊ ဖောက်သည်များ၊ စီးပွားရေးလုပ်ဖော်ကိုင်ဖက်များ၊ ပစ္စည်းသွင်းသူများ၊ ရင်းနှီးမြုပ်နှံသူများနှင့် အခြားရှယ်ယာရှင်များနှင့် ပွင့်လင်းစွာဆွေးနွေးပြီး ကိုယ်ပိုင်အထင်အမြင်များကို မှန်ကန်စွာနှင့် တိကျစွာ ထုတ်ဖော်ပြောဆိုသူများအား မည့်သည့်ပုံစံဖြင့်မဆို လက်တုံ့ပြန်သည့်လုပ်ရပ်များကို သည်းမခံပါ။

## ရည်ရွယ်ချက်

ဤမူဝါဒ၏ ရည်ရွယ်ချက်မှာ သံသယရှိသည့်ချိုးဖောက်မှုများနှင့်ပတ်သက်သည့် ပူပန်မှုများကို မည်သို့တင်ပြနိုင်မည်ဆိုသည့် အကြောင်းနှင့် သင်ထုတ်ဖော်ပြောဆိုသည့်အခါ လုပ်ဆောင်သည့် JDE Peet's ၏ အလုပ်လုပ်ပုံနည်းလမ်းအကြောင်း သင့်ကို အသိပေးရန်ဖြစ်သည်။

## မည်သူတွေ ထုတ်ဖော်ပြောဆိုနိုင်သနည်း။

JDE Peet's သို့မဟုတ် ၎င်း၏လက်အောက်ခံအဖွဲ့များအတွင်း လက်မခံနိုင်သောအပြုအမူ ဖြစ်နိုင်ခြေရှိမှုတစ်ခုကို ထုတ်ဖော်ပြောဆိုလိုသူ မည်သူမဆိုအတွက် မည်သည့်နေရာတွင်ရှိသည်ဖြစ်စေ JDE Peet's ၏ ဤထုတ်ဖော်ပြောဆိုခွင့် မူဝါဒကို ရရှိနိုင်သည်။ ၎င်းတွင်ပါဝင်သည်များမှာ၊ ဥပမာ - ဝန်ထမ်းများ၊ JDE Peet's အတွက်ဖြစ်စေ ကိုယ်စားဖြစ်စေ အလုပ်လုပ်နေသူများ၊ ထောက်ပံ့ရေးလမ်းကြောင်းတစ်လျှောက် အလုပ်လုပ်နေသူများ၊ စီးပွားရေးလုပ်ဖော်ကိုင်ဖက်များနှင့် သက်ရောက်ခံရသည့် အသိုင်းအဝိုင်းများ သို့မဟုတ် သုံးစွဲသူများ၏ (ကိုယ်စားလှယ်များ) ကဲ့သို့ အခြားရှယ်ယာရှင်များ။

## ပူပန်မှုတစ်ခုကို ကျွန်ုပ် အဘယ်ကြောင့် တိုင်ကြားသင့်သနည်း။

ကုမ္ပဏီတစ်ခုအနေဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ သန္နိဋ္ဌာန်ဖြစ်သော ဂုဏ်သိက္ခာဖြင့်လုပ်ဆောင်မည်ဆိုသည့်အတိုင်းဖြစ်အောင် နထိုင်လိုပါသည်။ ထိုသို့လုပ်ဆောင်ရန်အတွက် လက်မခံနိုင်သောအပြုအမူ ဖြစ်နိုင်ခြေရှိမှုတစ်ခုကို တွေ့ရှိသည့်အခါ ထုတ်ဖော်ပြောဆိုခြင်းဖြင့် သင့်အကူအညီကိုလည်း လိုအပ်ပါသည်။ လက်မခံနိုင်သောအပြုအမူ ဖြစ်နိုင်ခြေရှိမှုတစ်ခုနှင့် ပတ်သက်၍ ဆိတ်ဆိတ်နေခြင်းသည် အခြေအနေကို ပိုဆိုးစေနိုင်ပြီး ယုံကြည်မှုကို လျော့ပါးစေသည်။ ပူပန်မှုတစ်ခုကို တိုင်ကြားခြင်းဖြင့် သင်သည် ကုမ္ပဏီအား ဖြစ်နိုင်ခြေရှိသည့်ပြဿနာများကို ဖြေရှင်းရန်အခွင့်အရေးပေးပြီး ပွင့်လင်းမြင်သာ၍ ဂုဏ်သိက္ခာရှိသော ယဉ်ကျေးမှုကို အားပေးမှုဖြင့်တင်ရာရောက်သည်။ ဤနည်းလမ်းဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကုမ္ပဏီနှင့် ၎င်း၏ အစုရှယ်ယာရှင်များကို ကူညီကာကွယ်နိုင်စေသည်။

## လက်တုံ့ပြန်ခြင်းအပေါ် ကုမ္ပဏီ၏မူဝါဒက အဘယ်နည်း။

ပူပန်မှုများကို မှန်ကန်စွာနှင့် တိကျစွာ ထုတ်ဖော်ပြောဆိုပြီး တိုင်ကြားသည့်အခါ သင်သည် မှန်ကန်သောလုပ်ရပ်တစ်ခုကို လုပ်ဆောင်ခြင်းဖြစ်ပြီး ကုမ္ပဏီသည် သင့်ကိုလက်တုံ့ပြန်မှုမှန်သမျှအတွက် သည်းခံမည်မဟုတ်ပါ။ သင် သို့မဟုတ် အခြားဝန်ထမ်း သို့မဟုတ် အခြားတိုင်ကြားသူတစ်ဦးကို လက်တုံ့ပြန်ရန် လုပ်ဆောင်ချက်တစ်ခု ဖြစ်ပွားကြောင်း သင်သိရှိလျှင်ဖြစ်စေ ထိုသို့ဖြစ်နိုင်သည်ကို စိတ်ရင်းဖြင့် သံသယရှိသည်ဖြစ်စေ ၎င်းနှင့်ပတ်သက်၍ သင့်မန်နေဂျာထံ သို့မဟုတ် ထုတ်ဖော်ပြောဆိုခွင့် ချန်နယ်များထံ ချက်ချင်းအစီရင်ခံပါ။

ကုမ္ပဏီသည် လက်မခံနိုင်သောအပြုအမူ ဖြစ်နိုင်ခြေတစ်ခုအား အစီရင်ခံသော သို့မဟုတ် ၎င်းဖြစ်စဉ်တွင် ပါဝင်ကူညီသော လူတစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုအပေါ် ခြိမ်းခြောက်မှုပုံစံမျိုးစုံ၊ လက်တုံ့ပြန်သော သို့မဟုတ် အခြားလုပ်ဆောင်ချက်တစ်ခုခု (လုပ်ဆောင်ရန်ကြိုးပမ်းမှု) ကို လုံးဝသည်းမခံပါ။ အကယ်၍ ထိုသို့သောခြိမ်းခြောက်မှု၊ လက်တုံ့ပြန်ရန် သို့မဟုတ် အခြားလုပ်ဆောင်ချက်တစ်ခုခု (လုပ်ဆောင်ရန်ကြိုးပမ်းမှု) ကို ရှာဖွေတွေ့ရှိလျှင် ကုမ္ပဏီသည် အလုပ်မှရပ်နားခြင်း အပါအဝင် သင့်လျော်မည့်အရေးမှုတစ်ခုကို လုပ်ဆောင်မည်။



# 2. မူဝါဒ

## မည်သည့်ပူပန်မှုမျိုးကို သင်ထုတ်ဖော်ပြောဆိုသင့်သနည်း။

JDE Peet's ထုတ်ဖော်ပြောဆိုခွင့် မူဝါဒကိုအသုံးပြု၍ ကုမ္ပဏီတွင်း သို့မဟုတ် ၎င်း၏ ထောက်ပံ့ရေးလမ်းကြောင်းတစ်လျှောက်ရှိ လက်မခံနိုင်သောအပြုအမူ ဖြစ်နိုင်ခြေတစ်ခုအကြောင်း ပူပန်မှုများကို တိုင်ကြားနိုင်သည်။ ထိုသို့သော သံသယဖြစ်ဖွယ် လက်မခံနိုင်သောအပြုအမူတွင် ပါဝင်နိုင်သည်များမှာ သက်ဆိုင်ရာ (အပြည်ပြည်ဆိုင်ရာ) ဥပဒေကို ချိုးဖောက်ခြင်း၊ JDE Peet's ကျင့်ထုံးများ၊ မူဝါဒများ၊ ၎င်း၏ လုပ်ငန်းလည်ပတ်နေသည့် အောက်ရှိ စံနှုန်းများ နှင့်/သို့မဟုတ် လုပ်ငန်းစဉ်များကို ချိုးဖောက်ခြင်း ။ [1].

တိုင်ကြားနိုင်သော လက်မခံနိုင်ဖွယ်အပြုအမူတစ်ခု၏ ဥပမာတွင် ပါဝင်နိုင်သည်များမှာ -

- လိမ်လည်ခြင်း
- ဘဏ္ဍာရေးအချက်အလက်အမှားများ သို့မဟုတ် ဘဏ္ဍာရေး အချက်အလက်မပါဘဲ အစီရင်ခံခြင်းနှင့် မှတ်တမ်းယူခြင်း
- ကုမ္ပဏီ၏ရင်းမြစ်များကို မလျော်ကန်စွာအသုံးပြုခြင်း
- တလွဲသုံးစားခြင်း၊ ခိုးခြင်း
- အတွင်းသတင်း ရောင်းခြင်း
- အကျိုးစီးပွား ထိခိုက်စေခြင်း
- အလုပ်ချိန် အလွန်အကျွံခိုင်းခြင်း၊ ကလေးအလုပ်သမားထားခြင်း သို့မဟုတ် ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း သို့မဟုတ် အနိုင်ကျင့်ခြင်းခံရသည့် အလုပ်သမားတစ်ဦး စသည့် လူ့အခွင့်အရေး ချိုးဖောက်ခြင်းများ
- ခွဲခြားဆက်ဆံခြင်း သို့မဟုတ် (လိင်ပိုင်းဆိုင်ရာ) နှောင့်ယှက်ခြင်း
- လက်ဝါးကြီးအုပ်ခြင်း သို့မဟုတ် ပြိုင်ဆိုင်မှုအတွက် မမျှတစွာ ယှဉ်ပြိုင်ခြင်းဆိုင်ရာ ဥပဒေများကို ချိုးဖောက်ခြင်း
- ငွေကြေးခဝါချခြင်း
- ပိတ်ဆို့အရေးယူခြင်းများ၊ ပြည်ပပို့ကုန် ထိန်းချုပ်မှုများနှင့် ကုန်သွယ်ရေး ဥပဒေများကို ချိုးဖောက်ခြင်း
- လာဘ်ပေးလာဘ်ယူနှင့် အကျင့်ပျက်ခြစားခြင်း
- လုံခြုံရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များ
- အနိုင်ကျင့်ခြင်း
- ကိုယ်ရေးလုံခြုံမှုနှင့် အချက်အလက် ကာကွယ်ရေး ဥပဒေများကို ချိုးဖောက်ခြင်း
- လျှို့ဝှက်အချက်အလက် သို့မဟုတ် ကုန်သွယ်ရေးလျှို့ဝှက်ချက်ကို ထုတ်ဖော်ပြောဆိုခြင်း
- စိတ်ရင်းမှန်ဖြင့် တိုင်ကြားသူတစ်ဦးကို လက်တုံ့ပြန်ခြင်း
- ကျွန်ုပ်တို့၏ (အခြား) မူဝါဒများမှ တစ်ခုခုကို ချိုးဖောက်ခြင်း

အောက်ပါကိစ္စရပ်များအတွက် ဤထုတ်ဖော်ပြောဆိုခွင့်မူဝါဒကို အသုံးမပြုရ -

- အသက်နှင့် ခန္ဓာ၊ ပိုင်ဆိုင်မှု သို့မဟုတ် ပစ္စည်းဥစ္စာကို ချက်ခြင်း ထိခိုက်စေမည့် ခြိမ်းခြောက်မှုတစ်ခုရှိမည့် အနေအထားအတွက် အရေးပေါ်လိုင်းတစ်ခု။ သင်သည် အရေးပေါ်အကူအညီလိုအပ်ပါက အရေးပေါ်ဖုန်းနံပါတ် နှင့်/သို့မဟုတ် ဒေသခံအာဏာပိုင်များကို ခေါ်ဆိုပါ။
- သင်၏ အလုပ်ခန့်အပ်မှုဆိုင်ရာစည်းမျဉ်းများနှင့်ဆိုင်သည့် မေးခွန်းများအတွက် (ဥပမာ - အကျိုးခံစားခွင့်များ သို့မဟုတ် ရာထူးတိုးခြင်း)
- ပုဂ္ဂိုလ်ရေးကိစ္စများ သို့မဟုတ် ဥပဒေအရ အငြင်းပွားမှုများကို ဖြေရှင်းရန်
- မမှန်ကန်သော သို့မဟုတ် စိတ်ရင်းဖြင့်မဟုတ်ဘဲပြုလုပ်သော စွပ်စွဲမှုများပြုလုပ်ရန်။ ဖျက်လိုဖျက်ဆီး သို့မဟုတ် မရိုးသားစွာ တိုင်ကြားသော ပူပန်မှုများ သို့မဟုတ် စွပ်စွဲမှုများ (ဥပမာ - မမှန်ကန်မှန်းသိလျက်ဖြင့်) ကို လုံးဝသည်းခံမည်မဟုတ်ဘဲ ၎င်းတို့ကို တိုင်ကြားသူများအား ဝန်ထမ်းအဖြစ်မှ ရပ်စဲခြင်းအပါအဝင် စည်းကမ်းထိန်းသိမ်းရေး အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ပါမည်။

1 ဤမူဝါဒကို အခြားအရာများနည်းတူ ကုမ္ပဏီ၏ သက်ဆိုင်ရာ ဥရောပသမဂ္ဂ (EU) ဥပဒေများအားလိုက်နာမှုကို ဖော်ပြရန် ရည်ရွယ်သည်။ ထုတ်ဖော်ပြောဆိုရေး တိုင်ကြားမှု သို့မဟုတ် စုံစမ်းစစ်ဆေးမှုတစ်ခု (စတင်ခဲ့လျှင်) နှင့်ဆက်စပ်သည့် ကုမ္ပဏီမှရရှိသော အချက်အလက်များအား ကိုင်တွယ်မှုနှင့်စပ်လျဉ်းသည့် သက်ဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းများသည် ဤမူဝါဒနှင့်မကိုက်ညီလျှင် ကုမ္ပဏီသည် ၎င်းသက်ဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းများကိုသာလိုက်နာပါမည်။

1. မိတ်ဆက်
2. မူဝါဒ
3. ဆက်သွယ်ရန် / တိုင်ကြားရန်
4. စုံစမ်းစစ်ဆေးရေးမှုများ၊



## ကုမ္ပဏီက ကျွန်ုပ်ထံမှ မည်သည်တို့ကို မျှော်လင့်သနည်း။

သင့်အလုပ်အတွက် အကျုံးဝင်သည့် စည်းကမ်းလိုက်နာမှုနှင့် ဂုဏ်သိက္ခာဆိုင်ရာ တာဝန်ယူမှုများကို သိရှိခြင်းအပြင် ကျွန်ုပ်တို့သည် ကုမ္ပဏီအတွက် တစ်စုံတစ်ဦးမှ လုပ်ဆောင် သို့မဟုတ် ကိုယ်စားပြုလုပ်ဆောင်သူ (သင်ကိုယ်တိုင်အပါအဝင်)သည် လက်မခံနိုင်သဓာအပြုအမူအဖြစ် သတ်မှတ်နိုင်သည့် တစ်စုံတစ်ခုကို လုပ်ဆောင်ခဲ့၊ လုပ်ဆောင်နေ သို့မဟုတ် လုပ်ဆောင်တော့မည်ဟု သင်ယုံကြည်လျှင် ချက်ချင်းထုတ်ဖော်ပြောဆိုရန် မျှော်လင့်ပါသည်။

ဤအခြေခံမျှော်လင့်ချက်သည် ကုမ္ပဏီ၏ထောက်ပံ့ရေးလမ်းကြောင်းတစ်လျှောက် ကမ္ဘာကြီး၏ မည်သည့်နေရာတွင်မဆို ကုမ္ပဏီအတွက် သို့မဟုတ် ကုမ္ပဏီကိုယ်စား အလုပ်လုပ်သူအားလုံးအတွက် အကျုံးဝင်သည်။ သင်မည်သည့်နေရာတွင် အလုပ်လုပ်သည်ဖြစ်စေ၊ မည်သည့်ရာထူး သို့မဟုတ် လစာ ရရှိသည်ဖြစ်စေ လက်မခံနိုင်သဓာအပြုအမူ ဖြစ်နိုင်ခြေတစ်ခုကို သင်တွေ့ရှိလျှင် ထုတ်ဖော်ပြောဆိုမည်ဟု ကုမ္ပဏီမှမျှော်လင့်သည်။

# ပူပန်မှုကို ကျွန်ုပ်မည်သို့တိုင်ကြားရမည်နည်း၊ မည်သူ့ကို ဆက်သွယ်သင့်သနည်း။

သင့်အနေဖြင့် မတူညီသောချန်နယ်များမှတစ်ဆင့် ထုတ်ဖော်ပြောဆိုနိုင်သည်။

သင်သည် ဝန်ထမ်းတစ်ဦးဖြစ်လျှင် အောက်ပါတို့မှတစ်ဆင့် သံသယဖြစ်ဖွယ် လက်မခံနိုင်သည့်အပြုအမူကို တိုင်ကြားနိုင်သည် -

- သင့်မန်နေဂျာ၊
- သံသယဖြစ်ဖွယ် လက်မခံနိုင်သည့်အပြုအမူသည် သင့်မန်နေဂျာနှင့် ပတ်သက်နေလျှင် သို့မဟုတ် သင့်မန်နေဂျာထံ တိုင်ကြားရန် အဆင်မပြေလျှင် သင့်ဒေသတွင်း စည်းမျဉ်းလိုက်နာရေး အရာရှိ သို့မဟုတ် သင်၏ HR ဆက်သွယ်ရန်ပုဂ္ဂိုလ်ထံ ဆက်သွယ်ပါ။
- နယ်သာလန်နိုင်ငံ၊ အမ်စတာဒမ်မြို့ရှိ ဗဟိုစည်းမျဉ်းလိုက်နာရေးအဖွဲ့(ethics.compliance@JDEcoffee.com) သို့လိပ်မူ၍ အီးမေးလ်ပို့ပါ သို့မဟုတ် (JDE Peet's အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းလိုက်နာရေး အရာရှိ၊ Oosterdoksstraat 80, 1011 DK Amsterdam, the Netherlands) သို့ စာပို့ပါ၊

  **ethics.compliance@JDEcoffee.com**

- ကုမ္ပဏီ၏ ထုတ်ဖော်ပြောဆိုခွင့်လိုင်း http://speakup.jdepeets.com သို့ ဖုန်း သို့မဟုတ် ဝက်ဘ်ဆိုက်၊

  **http://speakup.jdepeets.com**

သင်သည် JDE Peet's ဝန်ထမ်းတစ်ဦးမဟုတ်လျှင် အောက်ပါတို့မှတစ်ဆင့် သံသယဖြစ်ဖွယ် လက်မခံနိုင်သည့်အပြုအမူကို တိုင်ကြားနိုင်သည် -

- သင်၏ စီနီယာအကျဆုံး JDE Peet's အဆက်အသွယ်၊
- နယ်သာလန်နိုင်ငံ၊ အမ်စတာဒမ်မြို့ရှိ JDE Peet's ဗဟိုစည်းမျဉ်းလိုက်နာရေးအဖွဲ့(ethics.compliance@jdecoffee.com) သို့လိပ်မူ၍ အီးမေးလ်ပို့ပါ သို့မဟုတ် (JDE Peet's အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းလိုက်နာရေး အရာရှိ၊ Oosterdoksstraat 80, 1011 DK Amsterdam, the Netherlands) သို့ စာပို့ပါ၊ သို့မဟုတ်

  **ethics.compliance@JDEcoffee.com**

- ကုမ္ပဏီ၏ ထုတ်ဖော်ပြောဆိုခွင့်လိုင်း http://speakup.jdepeets.com သို့ ဖုန်း သို့မဟုတ် ဝက်ဘ်ဆိုက်၊

  **http://speakup.jdepeets.com**

ကျွန်ုပ်တို့၏ ထုတ်ဖော်ပြောဆိုခွင့်လိုင်းကို JDE Peet's ၏ စီမံမှုအောက်တွင်မရှိသော ပြင်ပကုမ္ပဏီတစ်ခုမှ စီမံသည်။ သင့်အနေဖြင့် မျက်နှာချင်းဆိုင်ပြောဆို၍ အဆင်မပြေလျှင်ဖြစ်စေ အမည်မသိအဖြစ် နေလိုလျှင်ဖြစ်စေ ဤလိုင်းကို အသုံးပြုနိုင်သည်။

အထက်ဖော်ပြပါချန်နယ်များမှတစ်ဆင့် သင့်တွင်ရှိနိုင်သောပူပန်မှုများကို တိုင်ကြားရန် တိုက်တွန်းပါသည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် သင်သည် ကုမ္ပဏီကို ပြဿနာရပ်တစ်ခုခုအားဖြေရှင်းခွင့်ပေးခြင်းဖြစ်သည်။ သို့သော်လည်း ကုမ္ပဏီတွင်းအစီရင်ခံခြင်းမှလွဲလျှင် အချို့နိုင်ငံများ၏ ဥပဒေများသည် အချို့သော သံသယဖြစ်ဖွယ် လက်မခံနိုင်သောအပြုအမူများကို သက်ဆိုင်ရာသို့တိုက်ရိုက်တိုင်ကြားခွင့်ပြုနိုင်ပြီး ဤမူဝါဒရှိ မည်သည့်အရာကမျှ သင့်ကို သက်ဆိုင်ရာ ဒေသန္တရစည်းမျဉ်းစည်းကမ်းများနှင့်အညီ တိုင်ကြားခြင်းအား တားဆီးရန် မရည်ရွယ်ပါ။ သံသယဖြစ်ဖွယ် လက်မခံနိုင်သောအပြုအမူများကို သက်ဆိုင်ရာသို့တိုက်ရိုက်တိုင်ကြားခြင်းနှင့်ပတ်သက်သည့် ထပ်ဆောင်းအချက်အလက်များအတွက် အမ်စတာဒမ်ရှိ ဗဟိုစည်းမျဉ်းလိုက်နာရေးအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ အာဏာပိုင်၏ ဝက်ဘ်ဆိုက်တွင် ဆွေးနွေးပါ။

## ကျွန်ုပ်ထုတ်ဖော်ပြောဆိုသည့်အခါ မည်သို့သော အချက်အလက်များကို ပေးသင့်သနည်း။

တိုင်ကြားမှုတစ်ခုကို တင်သွင်းသည့်အခါ သင်တတ်နိုင်သမျှအချက်အလက်များများ ပေးအပ်ပါ။ ၎င်းသည် ကုမ္ပဏီကို ကြည့်ရှုလေ့လာပြီးလိုအပ်လျှင် စုံစမ်းစစ်ဆေးရန် အကူအညီပေးသည်။ သင့်အနေဖြင့် တတ်နိုင်သမျှအမြန်ဆုံး ထုတ်ဖော်ပြောဆိုပြီး သင့်တွင်ရှိသော အချက်အလက်ကို မျှဝေပေးရန် တိုက်တွန်းပါသည်။ အောက်ပါတို့ကို ပေးအပ်ခြင်းဖြင့် အကူအညီဖြစ်စေနိုင်ပါသည် -

- သင့်ပူပန်မှု၏ အသေးစိတ်အချက်အလက်နှင့် နောက်ခံမှန်သမျှ
- ရက်စွဲ၊ အမည်နှင့် နေရာ
- သက်ဆိုင်ရာ စာရွက်စာတမ်း

ကုမ္ပဏီသည် သင့်ထံတွင် အဖြေအားလုံးရှိရန်၊ ကိစ္စရပ်ကို သင်ကိုယ်တိုင်စုံစမ်းစစ်ဆေးရန် သို့မဟုတ် သင့်ပူပန်မှုကို သချောကြောင်း သက်သေပြရန် မမျှော်လင့်ပါ။ ပူပန်မှုအတွက် အကြောင်းရင်း ရှိ၊ မရှိနှင့် မည်သို့ဆောင်ရွက်သင့်ကြောင်း ဆုံးဖြတ်ရန်အတွက် ကုမ္ပဏီကို အစီရင်ခံစားအား စစ်ဆေးပါစေ။

## အကယ်၍ ကျွန်ုပ်သည် ကျွန်ုပ်၏မန်နေဂျာထံ တစ်စုံတစ်ခု အစီရင်ခံခဲ့ပြီး၎င်းနှင့်ပတ်သက်၍ "တိတ်တိတ်နေရန်" ပြောခံခဲ့ရပါက မည်သို့လုပ်ရမည်နည်း။

သံသယဖြစ်ဖွယ် လက်မခံနိုင်သောအပြုအမူကို တိုင်ကြားခြင်းနှင့်ပတ်သက်၍ ပိတ်ပင်ခံရသည်ဟု သင်ထင်ပါက သံသယဖြစ်ဖွယ် လက်မခံနိုင်သောအပြုအမူနှင့် သင့်ကို "တိတ်တိတ်နေရန်" ပြောခံရသည့်အကြောင်း နှစ်ခုလုံးကို တိုင်ကြားသင့်သည်။

## ဝန်ထမ်းတစ်ဦး သို့မဟုတ် အခြားရှယ်ယာရှင်တစ်ဦးမှ သံသယဖြစ်ဖွယ် လက်မခံနိုင်သောအပြုအမူကို ကျွန်ုပ်ထံ တိုင်ကြားလာလျှင် မည်သို့ပြုလုပ်ရမည်နည်း။

JDE Peet's ၏ ဝန်ထမ်းတစ်ဦး သို့မဟုတ် အခြားရှယ်ယာရှင်တစ်ဦးမှ သံသယဖြစ်ဖွယ် လက်မခံနိုင်သောအပြုအမူအကြောင်း တိုင်ကြားလာလျှင် သင်သည် ၎င်းကို ကုမ္ပဏီ၏ ထုတ်ဖော်ပြောဆိုခွင့်လိုင်းမှတစ်ဆင့် တိုက်ရိုက်အစီရင်ခံရမည်။



## ကျွန်ုပ်မည်သူဖြစ်ကြောင်းအထောက်အထားကို လျှို့ဝှက်ထားမှာလား။

တိုင်ကြားသူသည် အမည်မသိအဖြစ်နေလိုပါက ထုတ်ဖော်ပြောဆိုခွင့်လိုင်းနှင့် အခြားထုတ်ဖော်ပြောဆိုခွင့်ချန်နယ်များသည် အချို့သောနိုင်ငံများတွင် ခွင့်ပြုပါက ၎င်းကိုခွင့်ပြုနိုင်သည်။ ထုတ်ဖော်ပြောဆိုခွင့်လိုင်းနှင့်ပတ်သက်၍ နောက်ဆက်တွဲရည်ရွယ်ချက်များအတွက် စနစ်မှသီးခြားကုဒ်တစ်ခုကို တိုင်ကြားသူထံ ပေးမည်ဖြစ်ပြီးနောက်ဆက်တွဲတစ်ခုခုရှိလျှင် ၎င်းကုဒ်ဖြင့် တိုင်ကြားသူအား ကုမ္ပဏီမှ အတည်ပြုနိုင်သည်။

ကုမ္ပဏီသည် တိုင်ကြားမှုအားလုံးကို လေးစားသမှုနှင့် လုံခြုံစွာ ကိုင်တွယ်ပါမည်။ တိုင်ကြားသူ၏ အထောက်အထားနှင့် တိုင်ကြားမှုတွင်ဖော်ပြထားသော အခြားသူများ အပါအဝင် တိုင်ကြားထားသောပူပန်မှုနှင့်ပတ်သက်သည့် အချက်အလက်အားလုံးကို လျှို့ဝှက်ထိန်းသိမ်းပါမည်။ စုံစမ်းစစ်ဆေးရန်နှင့် နောက်ဆက်တွဲကိစ္စရပ်များအတွက် အချို့သူများသည် တိုင်ကြားမှုနှင့် စွပ်စွဲမှု၏ အသေးစိတ်အချက်များနှင့်ပတ်သက်၍ သိရှိရန်လိုအပ်သည်။ သို့သော်လည်း စုံစမ်းစစ်ဆေးရန်နှင့် နောက်ဆက်တွဲကိစ္စရပ်များအတွက် တိုင်ကြားမှုနှင့် စွပ်စွဲမှု၏ အသေးစိတ်အချက်များနှင့်ပတ်သက်၍ သိရှိရန်လိုသည့်သူမှလွဲ၍ သင့်အထောက်အထားနှင့် သင့်အထောက်အထားကို တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ကောက်ချက်ချနိုင်သော အချက်အလက်ကို မျှဝေရန်အတွက် သင် အတိအလင်း သဘောတူခြင်းမှလွဲ၍ ကုမ္ပဏီသည် သိလျက်ဖြင့် ထုတ်ဖော်ပြောဆိုမည်မဟုတ်ပါ။ တိုင်ကြားခံရသော (စည်းမျဉ်းလိုက်နာမှု) ပြဿနာများနှင့်ပတ်သက်၍ ကုမ္ပဏီသည် ပြင်ပကုမ္ပဏီများသို့ အသိပေးရန်အတွက် ဥပဒေအရလိုက်နာရမည့်အချိန်များရှိနိုင်ပြီးသက်ဆိုင်ရာဥပဒေအရ သင့်အထောက်အထားကို မျှဝေရသည့်အချိန်များရှိနိုင်ကြောင်း သတိပြုပါ။ ထိုသို့သောကိစ္စရပ်တွင် ဤအချက်အလက်များကို မျှဝေခြင်းသည် သက်ဆိုင်ရာစုံစမ်းစစ်ဆေးမှု သို့မဟုတ် ဥပဒေအရဆောင်ရွက်မှုများကို ထိခိုက်ပျက်စီးစေခြင်းမှလွဲ၍ မမျှဝေမီတွင် သင့်ကို ကြိုတင်အကြောင်းကြားပါမည်။



## ကျွန်ုပ်တိုင်ကြားထားသော ပူပန်မှုကို မည်သို့ကိုင်တွယ်မည်နည်း။

ကုမ္ပဏီသည် တိုင်ကြားမှုအားလုံးကို အလေးအနက်ထားကိုင်တွယ်ပါသည်။ တိုင်ကြားမှုတစ်ခုကို ပေးသွင်းပြီးပါက ၎င်းကိုရရှိကြောင်း သင့်ကိုအတည်ပြုချက်တစ်ခုပေးပါမည်။ ထို့နောက် ကုမ္ပဏီ၏ အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းလိုက်နာရေး အရာရှိ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းလိုက်နာရေး အရာရှိမှ တာဝန်ပေးထားသူတစ်ဦးသည် ပထမအကဲဖြတ်စစ်ဆေးမှုကိုလုပ်ဆောင်ပြီး လိုအပ်ပါက တိုင်ကြားမှုကို သင့်လျော်စွာစုံစမ်းရန်အတွက် စုံစမ်းစစ်ဆေးမှုတစ်ခုကို လုပ်ဆောင်ပါမည်။ စုံစမ်းစစ်ဆေးမှုများကို ကုမ္ပဏီ၏ စုံစမ်းစစ်ဆေးမှု စည်းကမ်းများနှင့် ချဉ်းကပ်နည်းများ နှင့်အညီ၊ သက်ဆိုင်ရာဥပဒေများအတိုင်း လုပ်ဆောင်မည်ဖြစ်သည်။ ၎င်းသည် စုံစမ်းစစ်ဆေးမှုအား သင့်လျော်သည့်နည်းလမ်းတစ်ခုဖြင့် စုံစမ်းစစ်ဆေးမှုတစ်ခုသည် အောက်ပါတို့ကဲ့သို့အပါအဝင် ပါဝင်သူအားလုံးကို လေးစားသမှုဖြင့် တာဝန်ယူမှုရှိစွာ လုပ်ဆောင်ကြောင်း အာမခံသည် -

- သမာသမတ်ကျစွာ၊ ဘက်မလိုက်စွာ
- အချိန်မှန်စွာ
- အချက်အလက်ရှာဖွေရန် ဦးစားပေး၍

လက်ခံရရှိကြောင်း အသိအမှတ်ပြုမှုကို ရရှိပြီးနောက်တွင် တိုင်ကြားသူတစ်ဦးသည် စုံစမ်းစစ်ဆေးမှု၏ အခြေအနေနှင့်ပတ်သက်၍ အထွေထွေအပ်ဒိတ်ရရှိပါမည်။ ရှေ့ဆက်၍ တိုင်ကြားသူတစ်ဦးသည် စုံစမ်းစစ်ဆေးမှုအခြေအနေ၊ စုံစမ်းစစ်ဆေးမှုပိတ်သိမ်းခြင်းနှင့် ၎င်း၏ရလဒ်များ (အဆင့်များနှင့် အရေးယူမှုများ အပါအဝင်) နှင့်ပတ်သက်၍ ယေဘုယျအချက်အလက်များ၊ ၎င်းအချက်အလက်များအားပေးအပ်ခြင်းသည် စုံစမ်းစစ်ဆေးမှုကို ထိခိုက်စေခြင်းမရှိလျှင် ၎င်းတို့ကို ရရှိမည်ဖြစ်သည်။ ကုမ္ပဏီသည် စုံစမ်းစစ်ဆေးမှုများကို ရက် ၉၀ အတွင်း အပြီးသတ်နိုင်ရန် ကြိုးပမ်းမည်ဖြစ်ပြီး စုံစမ်းစစ်ဆေးမှု သဘောသဘာဝနှင့် ရှုပ်ထွေးမှုအဆင့်အလိုက် ကျိုးကြောင်းဆီလျော်စွာ လိုအပ်မှုရှိလျှင် ကာလချိန်ကိုသက်တမ်းတိုးနိုင်ပါသည်။

ကိုယ်ရေးအချက်အလက်ကို ခွင့်ပြုချက်မရှိဘဲ အသုံးပြုခြင်းနှင့် စီမံခွင့်မရှိစေရေး ကာကွယ်ထားရန်အတွက် လိုအပ်သော ကြိုတင်ကာကွယ်မှုအားလုံးကို လုပ်ဆောင်ပါမည်။

## စည်းမျဉ်းမလိုက်နာမှုဆိုင်ရာ ပူပန်မှုတစ်ခုကို တိုင်ကြားလိုခြင်း ရှိ၊မရှိ မသေချာလျှင် မည်သို့လုပ်သင့်သနည်း။

ပူပန်မှုများကိုတိုင်ကြားရန်အတွက် ခက်ခဲနိုင်ကြောင်း ကျွန်ုပ်တို့ သိရှိပါသည်။ ယဘေုယျအားဖြင့် လူများသည် အကြောင်းရင်းများစွာကြောင့် ၎င်းကိုမလုပ်ဆောင်ကြပါ။

ပထမအချက်မှာ သူတို့သည် လက်တုံ့ပြန်ခံရမည်ကို ကြောက်ရွံ့ကြသည်။ ကုမ္ပဏီသည် စိတ်ရင်းဖြင့် ပူပန်မှုတစ်ခုကို တိုင်ကြားသည့် မည်သူကိုမဆို လက်တုံ့ပြန်ခြင်းအား လုံးဝသည်းခံမည် မဟုတ်ကြောင်း အာမခံပါသည်။

လူများသည် ပူပန်မှုများကို မတိုင်ကြားရသည့် အခြားအကြောင်းရင်းမှာ တိုင်ကြားလိုက်သော်လည်း မည်သည်မျှဖြစ်ပျက်မလာမည်ကို ကြောက်ရွံ့ခြင်းဖြစ်သည်။ တိုင်ကြားသူတစ်ဦးသည် သံသယဖြစ်ဖွယ် လက်မခံနိုင်သောအပြုအမူအကြောင်း ပူပန်မှုတစ်ခုကို တိုင်ကြားသည့် မည်သည့်အချိန်မဆို သင့်လျော်စွာ အရေးယူဆောင်ရွက်ပြီး တုံ့ပြန်မှုပေးမည်ဟု အာမခံပါသည်။ လက်မခံနိုင်သောအပြုအမူ ဖြစ်ပွားခဲ့သည်ဟု ကျွန်ုပ်တို့ဆုံးဖြတ်ပါက ကုမ္ပဏီသည် သင့်လျော်မည့် အမှန်ပြင်အရေးယူမှုကို လုပ်ဆောင်ပါမည်။

## ကျွန်ုပ်ကို မည်သို့ကာကွယ်ပေးမည်နည်း။

ဝန်ထမ်းတစ်ဦးမှ သံသယဖြစ်ဖွယ် လက်မခံနိုင်သောအပြုအမူ မှန်ကန်ကြောင်း ယုံကြည်၍ဖြစ်စေ ယုံကြည်ဖွယ်ရာရှိသည်ဟု စိတ်ရင်းဖြင့်ဖြစ်စေ တိုင်ကြားသည့်ဝန်ထမ်းတိုင်းကို ထိုသို့ တိုင်ကြားခြင်းအတွက် ကာကွယ်သွားပါမည်။ ဤကာကွယ်မှုသည် တိုင်ကြားမှုတစ်ခုကို စိတ်ရင်းဖြင့် ပြုလုပ်သည်ဖြစ်စေ ၎င်းအတွက်အကူအညီပေးသည်ဖြစ်စေ၊ ကုမ္ပဏီမှ ထိုဝန်ထမ်းကို အလုပ်ထုတ်ခြင်း၊ ရာထူးချခြင်း၊ ဆိုင်းငံ့ခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် ခွဲခြားဆက်ဆံသည့် မည်သည့် အပြုအမူမျိုးကိုမဆို ပြုလုပ်မည်မဟုတ်ကြောင်း ဆိုလိုသည်။ ကုမ္ပဏီသည် ခြိမ်းခြောက်မှုပုံစံမျိုးစံ၊ လက်တုံ့ပြန်မှု သို့မဟုတ် အခြားလုပ်ဆောင်ချက်များ (လုပ်ဆောင်ရန်ကြိုးပြမ်းမှု) ကို လုံးဝသည်းမခံပါ။ ထိုသို့သော ခြိမ်းခြောက်မှုပုံစံမျိုးစံ၊ လက်တုံ့ပြန်မှု သို့မဟုတ် အခြားလုပ်ဆောင်ချက် ပုံစံမျိုးစံ (လုပ်ဆောင်ရန်ကြိုးပြမ်းမှု) ကို ချက်ခြင်းတိုင်ကြားရမည်။

ထို့အပြင် ကုမ္ပဏီသည် တိုင်ကြားမှုတစ်ခုကို စိတ်ရင်းဖြင့် ပြုလုပ်သည်ဖြစ်စေ ၎င်းအတွက်အကူအညီပေးသည်ဖြစ်စေ ၎င်းတွင်ပါဝင်သည့် လူတစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုအပေါ် ခြိမ်းခြောက်မှုပုံစံမျိုးစုံ၊ လက်တုံ့ပြန်မှု သို့မဟုတ် အခြားလုပ်ဆောင်ချက်တစ်ခုခု (လုပ်ဆောင်ရန်ကြိုးပြမ်းမှု) ကို လုံးဝသည်းမခံပါ။ ကုမ္ပဏီသည် ထိုသို့သော ခြိမ်းခြောက်မှု၊ လက်တုံ့ပြန်မှု သို့မဟုတ် အခြားလုပ်ဆောင်ချက်တစ်ခုခု (လုပ်ဆောင်ရန်ကြိုးပြမ်းမှု) ကို ရှာဖွတွေ့ရှိလျှင် သင့်လျော်သည့် အရေးယူမှုကို လုပ်ဆောင်မည်။

## ဥပဒေ သို့မဟုတ် ကုမ္ပဏီမူဝါဒကို ချိုးဖောက်မှုတစ်ခုတွင် ကျွန်ုပ်ပါဝင်နေသည်ဟု ထင်မိပါက မည်သို့လုပ်ရမည်နည်း။

ကုမ္ပဏီ၏ဝန်ထမ်းတစ်ဦးအနေဖြင့် သင်သည် သက်ဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းများနှင့် ကုမ္ပဏီမူဝါဒများကို သိရှိထားပြီး လိုက်နာမည်ဟု မျှော်လင့်ထားပြီးဖြစ်သည်။ သင်သည် ဥပဒေ သို့မဟုတ် မူဝါဒ ချိုးဖောက်မှုတွင် ပါဝင်သည်ဟုထင်သည့်ကိစ္စရပ်တွင် အခြားသူတစ်ဦး၏ အစွပ်စွဲခံဖြစ်ရခြင်းထက် ကိုယ်တိုင်ထုတ်ဖော်တိုင်ကြားခြင်းက အမြဲတမ်းအားဖြင့် ပိုမိုကောင်းမွန်ပါသည်။ ချိုးဖောက်မှုတစ်ခုကို ကိုယ်တိုင်ထုတ်ဖော်တိုင်ကြားခြင်းသည် ဝန်ထမ်းတစ်ဦးကို စည်းမျဉ်းအရ သို့မဟုတ် အခြားအမှန်ပြင်အရေးယူဆောင်ရွက်ချက်တစ်ခုမှ ကာကွယ်ပေးခြင်းမရှိသော်လည်း ၎င်းသည် မည်သည့်အရေးယူဆောင်ရွက်မှုကို လုပ်ဆောင်မည့်အကြောင်း ကုမ္ပဏီမှဆုံးဖြတ်သည့်အခါ အရေးပါသောအချက်တစ်ခုဖြစ်သည်။

## တိုင်ကြားခြင်း

ဒေသတွင်း စည်းမျဉ်းလိုက်နာရေးကောင်စီဝင်များမှ ရုံးထိုင်သော ဒေသတွင်း စည်းမျဉ်းလိုက်နာရေးကောင်စီသည် လက်ခံရရှိသောတိုင်ကြားမှုများ၏ အနှစ်ချုပ်ကို ပုံမှန်ထုတ်ပြန်ပြီးအပြည်ပြည်ဆိုင်ရာ စည်းမျဉ်းလိုက်နာရေး အရာရှိထံ ရလဒ်များပေးသည်။

အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းလိုက်နာရေး အရာရှိသည် လက်ခံရရှိသော ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ တိုင်ကြားမှုများ၏ အနှစ်ချုပ်ကို အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းလိုက်နာရေးကောင်စီနှင့် ဘုတ်အဖွဲ့၏ စာရင်းစစ်ကော်မတီထံသို့ ပုံမှန်ထုတ်ပြန်သည်။

## ကျွန်ုပ် မည်သို့ ပိုမိုလေ့လာနိုင်သနည်း။

ကျွန်ုပ်တို့၏ အုပ်ချုပ်ရေးနှင့် စည်းမျဉ်းလိုက်နာရေးဆိုင်ရာ မူဘောင်များနှင့် မူဝါဒများအကြောင်းကို ပိုမိုလေ့လာရန်အတွက် အင်တာနက်ဆိုက်ဖြစ်သော သို့ ဝင်ကြည့်နိုင်သကဲ့သို့ ဗဟိုစည်းမျဉ်းလိုက်နာရေးသို့လည်း (Ethics.Compliance@JDEcoffee.com) တွင် အီးမေးလ်ပို့နိုင်သည်။ JDE Peet's ဝက်ဘ်ဆိုက်တွင်လည်း သက်ဆိုင်ရာမူဝါဒများကို ရှာဖွေကြည့်ရှုနိုင်သည်။

Intranet Site

ethics.compliance@JDEcoffee.com



# 3. ဆက်သွယ်ရန် / တိုင်ကြားရန်

## JDE PEET'S ထုတ်ဖော်ပြောဆိုရေးလိုင်းကို မည်သို့ဆက်သွယ်ရမည်နည်း။

ကုမ္ပဏီ၏ ထုတ်ဖော်ပြောဆိုရေးလိုင်းကို ကုမ္ပဏီတွင်းဖြစ်စေ ကုမ္ပဏီပြင်ပတွင်ဖြစ်စေ အွန်လိုင်း သို့မဟုတ် ဖုန်းဖြင့် ၂၄ နာရီ ၇ ရက်ပတ်လုံး ရရှိနိုင်ပြီးသံသယဖြစ်ဖွယ် လက်မခံနိုင်သောအပြုအမူ အကြောင်းကို အသုံးပြုခွင့်ထိန်းချုပ်မှုများကို တင်းကျပ်ထားသည့် လုံခြုံစိတ်ချရပြီးလျှို့ဝှက်သော တိုင်ကြားမှုပတ်ဝန်းကျင်တစ်ခုတွင် ဘာသာစကားများစွာဖြင့် ကုမ္ပဏီထံတိုင်ကြားနိုင်သည်။

သက်ဆိုင်ရာဥပဒေများအရ ခွင့်ပြုထားပြီးသင်သည် ထိုသို့ပြုလုပ်ရန် အဆင်ပြေသည်ဆိုပါက ထုတ်ဖော်ပြောဆိုရေးလိုင်းတွင် အမည်မသိအဖြစ် ဆက်သွယ်နိုင်သည်။ သင့်အချက်အလက်ကို သင့်မေးခွန်းကို ဖြေဆိုရာတွင်ပါဝင်သူများ သို့မဟုတ် သင်တိုင်ကြားလိုက်သော ပူပန်မှုကို စုံစမ်းစစ်ဆေးပြီးနောက်ဆက်တွဲလိုက်ပါလုပ်ဆောင်မည့်သူများကဲ့သို့ သိရှိရန်လိုအပ်သူများနှင့်သာ မျှဝေပါသည်။

အောက်ပါနံပတ်များမှတစ်ဆင့် ထုတ်ဖော်ပြောဆိုရေးလိုင်းကို ဆက်သွယ်နိုင်သည်။

### ကျွန်ုပ်တို့ကို အချိန်မရွေးဆက်သွယ်နိုင်သည်

**001 (800) 461-9330**

သင်သည် အပြည်ပြည်ဆိုင်ရာခေါ်ဆိုမှုပြုလုပ်ပါက တိုင်ကြားရေးကိရိယာ http://speakup.jdepeets.com သို့ ဝင်ရောက်ကြည့်ရှုပြီးသင့်နိုင်ငံအတွက် သတ်မှတ်ပေးထားသော အပြည်ပြည်ဆိုင်ရာဖုန်းနံပါတ်ကိုကြည့်ရန်အတွက် စာရင်းတွင်ရှိသော သင့်တည်နေရာကိုရွေးပါ။

**http://speakup.jdepeets.com**

စာရင်းတွင် သင့်နိုင်ငံကို မဖော်ပြထားပါက +1-720-514-4400 သို့ ခေါ်ဆိုပါ၊ ခေါ်ဆိုခကို ဖုန်းခေါ်ဆိုခံရသူမှကျခံပါမည်။ ဝန်ဆောင်မှုပေးသူထံမှ အကူအညီလိုအပ်နိုင်ပြီး ဒေသန္တရခေါ်ဆိုခများ ကျသင့်နိုင်သည်။

**+1-720-514-4400**

ထုတ်ဖော်ပြောဆိုခွင့်လိုင်းအတွက် လင့်ခ် -

**http://speakup.jdepeets.com**

Email:

**ethics.compliance@JDEcoffee.com**

ကုမ္ပဏီဝက်ဘ်ဆိုက် -

**https://www.jdepeets.com/speak-up/**



# 4. JDE PEET'S စုံစမ်းစစ်ဆေးရေး စည်းမျဉ်းများနှင့် ချဉ်းကပ်နည်း

- သံသယဖြစ်ဖွယ် လက်မခံနိုင်သဖြင့်အပြုအမူကို တိုင်ကြားသူသည် တိုင်ကြားမှုရရှိကြောင်း အသိအမှတ်ပြုမှုကို တိုင်ကြားပြီး၇ ရက်အတွင် ရရှိပါမည်။
- အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းလိုက်နာရေး အရာရှိ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းလိုက်နာရေး အရာရှိမှ တာဝန်ပေးထားသူတစ်ဦးသည် တိုင်ကြားမှုကို စစ်ဆေးပြီးလိုအပ်ပါက စုံစမ်းစစ်ဆေးမှုတစ်ခုကို လုပ်ဆောင်မည်ဖြစ်ပြီးစုံစမ်းစစ်ဆေးရေးအဖွဲ့ကို တာဝန်ပေးပါမည်။ ၎င်းသည် ဒေသတွင်းအဖွဲ့ဖြစ်နိုင်သော်လည်း ကုမ္ပဏီမှ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ထိတွေ့ဆက်ဆံရမည့် အပြည်ပြည်ဆိုင်ရာအဖွဲ့ သို့မဟုတ် ပြင်ပအဖွဲ့အစည်းတစ်ခုလည်း ဖြစ်နိုင်ပါသည်။
- သံသယဖြစ်ဖွယ် လက်မခံနိုင်သဖြင့်အပြုအမူကို တိုင်ကြားသူသည် ဆီလျော်သည့်အချိန်အတိုင်းအတာတစ်ခုအတွင်း စုံစမ်းစစ်ဆေးမှုအခြေအနေအကြောင်း အထွေထွေအော်ပဒိတ်တစ်ခုကို ရရှိမည်ဖြစ်သည်။ ကုမ္ပဏီသည် တိုင်ကြားမှုကိုရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း အပြီးသတ်နိုင်ရန် ရည်ရွယ်ထားသော်လည်း ၎င်းအချိန်ကို စုံစမ်းစစ်ဆေးမှု၏ သဘောသဘာဝနှင့် ရှုပ်ထွေးမှုတို့အပြင် အခြားသက်ဆိုင်ရာအချက်အလက်များအရ သင့်လျော်စွာသတ်မှတ်ပြီးသက်တမ်းတိုးနိုင်ကြောင်း အသိပေးချက်ကိုပါ ပေးပို့ပါမည်။
- စုံစမ်းစစ်ဆေးချိန်တွင်ရယူမည့် ကိုယ်ရေးအချက်အလက်အားလုံးသည် သက်ဆိုင်ရာ အချက်အလက်ကာကွယ်ရေး စည်းမျဉ်းများနှင့် အကျုံးဝင်သည်။
- စုံစမ်းစစ်ဆေးမှုကို သမာသမတ်ကျစွာ၊ ဘက်မလိုက်ဘဲ၊ ရိုးသားစွာ၊ မျှတစွာ၊ အချိန်နှင့်တပြေးညီဖြစ်ပြီးသက်ဆိုင်ရာဥပဒေများကို လိုက်နာပြီးလုပ်ဆောင်ပါမည်။
- စုံစမ်းစစ်ဆေးမှုကို တိုင်ကြားခံရသော လက်မခံနိုင်သဖြင့်အပြုအမူ ဖြစ်ပွားခဲ့ခြင်း ရှိ၊မရှိ အချက်အလက်ရှာဖွေမှုမှတစ်ဆင့် သတ်မှတ်ဆုံးဖြတ်ရန်ရည်ရွယ်သည့် ကိစ္စရပ်အပေါ် အချက်အလက်အရ အကဲဖြတ်စစ်ဆေးခြင်း ရည်မှန်းချက်အပေါ်ဦးစားပေးလုပ်ဆောင်ပါမည်။ စုံစမ်းစစ်ဆေးအဖွဲ့သည် လိုအပ်ပါက စုံစမ်းစစ်ဆေးမှုတွင် ပါဝင်ကူညီရန်အတွက် ပြင်ပမှကျွမ်းကျင်သူများနှင့် ထိတွေ့ဆက်ဆံမှုပြုလုပ်ပါမည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ထိုသို့သော စုံစမ်းစစ်ဆေးရေးနည်းလမ်းများကို သံသယရှိသူ ချိုးဖောက်ထားသည့် ပြင်းထန်မှု၊ ခက်ခဲမှုနှင့် ရရှိနိုင်သဖြင့်အချက်အလက်များကို ထည့်သွင်းစဉ်းစား၍ စုံစမ်းစစ်ဆေးရန်အတွက် သင့်လျော်၍ အချိုးညီပြီးသက်ဆိုင်မှုရှိသလို သက်ဆိုင်ရာဥပဒေနှင့်အညီ အသုံးပြုပါမည်။



- အချက်အလက်ကို တိုင်ကြားသူနှင့် ဤထုတ်ဖော်ပြောဆိုခွင့်မူဝါဒ၏ စည်းမျဉ်းများနှင့်ကိုက်ညီသော တိုင်ကြားမှုတွင်ဖော်ပြထားသည့် အခြားပြင်ပကုမ္ပဏီမှန်သမျှ၏ အထောက်အထားအား လျှို့ဝှက်ထားရှိမှုကို တတ်နိုင်သမျှ ကာကွယ်ပေးမည့်အပုဒ်အမှုဖြင့် အင်တာဗျူးမည့်သူကို ပေးအပ်ပါမည်။
- စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စွပ်စွဲခံရသူ သို့မဟုတ် အဖွဲ့အစည်းအား စွပ်စွဲမှု(များ) နှင့်ပတ်သက်၍ သူတို့၏အထင်အမြင်ကို ထုတ်ဖော်ရန်အတွက် လုံလောက်သောအခွင့်အရေးပေးခြင်းဖြင့် "မျှတစွာကြားနာခြင်း" စည်းမျဉ်းနှင့်အညီဖြစ်စေရန် လုပ်ဆောင်ပါမည်။
- စုံစမ်းစစ်ဆေးမှု သို့မဟုတ် စုံစမ်းစစ်ဆေးမှုနှင့်ဆိုင်သည့် အချက်အလက်အားလုံးကို လျှို့ဝှက်ထိန်းသိမ်းရမည်ဖြစ်ပြီး၊ထို အချက်အလက်များနှင့်ပတ်သက်၍ ဤထုတ်ဖော်ပြောဆိုခွင့်မူဝါဒ၏ စည်းမျဉ်းများနှင့်အညီ သိရန်လိုအပ်သူများအတွက်သာ ကန့်သတ်ထားရည်။
- စုံစမ်းစစ်ဆေးရေးအဖွဲ့သည် အချက်အလက်များ၊ သက်သေများနှင့် အကံပြုထားသော အရေးယူဆောင်ရွက်ချက်များပါသည့် အဆုံးသတ်အစီရင်ခံစာကို ပြင်ဆင်ပါမည်။
- စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးရေးပြီးဆုံးသည်နှင့်တစ်ပြိုင်နက် စုံစမ်းစစ်ဆေးရေးတွင် စွပ်စွဲခံထားရသူ သို့မဟုတ် အဖွဲ့အစည်းကို စုံစမ်းစစ်ဆေးရေးရလဒ်များအား အကြောင်းကြားပါမည်။
- စုံစမ်းစစ်ဆေးရေးအဖွဲ့သည် တိုင်ကြားသူအား စုံစမ်းစစ်ဆေးမှု ပိတ်သိမ်းကြောင်းနှင့် ၎င်း၏ဆုံးဖြတ်ချက်များအကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့မှသင့်လျော်သည်ဟုသတ်မှတ်သော အတိုင်းအတာတစ်ခုအထိ အသိပေးပါမည်။ အချို့သော ကုစားမှုလုပ်ဆောင်ချက်များတွင် အခြားသူများ သို့မဟုတ် အဖွဲ့အစည်းများ ပါဝင်နိုင်သည့်အတွက် လျှို့ဝှက်ထိန်းသိမ်းရမည့် အကြောင်းရင်းကြောင့် ကိုယ်ရေးလုံခြုံမှုနှင့် ဥပဒေအရရပိုင်ခွင့်များအားလုံး လိုက်နာလျက် စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်မှုရှိလျှင် သင့်လျော်သော အရေးယူမှုလုပ်ဆောင်ထားကြောင်းကိုသာ ဖော်ပြနိုင်သည်။
- ထိန်းသိမ်းထားရန်မလိုအပ်သည့် ကိုယ်ရေးအချက်အလက်အားလုံးကို သက်ဆိုင်ရာဥပဒေများနှင့်အညီ ချက်ခြင်းဖျက်စီးရမည်။

# JDE Peet's

## A COFFEE & TEA FOR EVERY CUP